# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

"၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊
ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့်
"ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့်
ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့သည့် အစီရင်ခံစာ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၁ | နိဒါန်း | ၁ | ၂ |
| ၂ | ရည်ရွယ်ချက် | ၂ | ၂ |
| ၃ | ခရီးစဉ် | ၂ | ၃ |
| ၄ | ပါဝင်တက်ရောက်သူများ | ၃ | ၃ |
| ၅ | တည်းခိုနေထိုင်မှု | ၃ | ၃ |
| ၆ | အထောက်အပံ့စရိတ်ကျခံမှု | ၃ | ၃ |
| ၇ | အခမ်းအနားဖွင့်ပွဲ နှင့် ပြီးဆုံးခြင်း | ၃ | ၃ |
| ၈ | ဆွေးနွေးပွဲ တက်ရောက်ခဲ့မှုအခြေအနေ | ၄ | ၂၃ |
| ၉ | အကျိုးကျေးဇူးများ | ၂၃ | ၂၃ |
| ၁၀ | သုံးသပ်တင်ပြချက် | ၂၃ | ၂၄ |
| ၁၁ | နိဂုံး | ၂၄ | ၂၅ |

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် "ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲ" သို့ တက်ရောက်ခဲ့သည့် အစီရင်ခံစာ**

**နိဒါန်း**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် "ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Trade and Financial Connectivity for BRI Partner Countries)" သို့ နိုင်ငံခြားရေးရာမူဝါဒကော်မတီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ကြိမ်မြောက်၏ ကြိုတင်သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ ကိုယ်စားလှယ် ၅ ဦး တက်ရောက်ခဲ့ပါသည်-

(က) ဒေါ်ခိုင်သန္တာဝင်း
ဒုတိယညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒေါ်နိုင်အေးခိုင်
မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဒေါ်လင်းစန္ဒာကျော်
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) ဒေါ်နှင်းယုမွန်
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဒေါ်သဉ္ဇာလှိုင်
ဦးစီးအရာရှိ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ရည်ရွယ်ချက်**

၂။ အဆိုပါဆွေးနွေးပွဲအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လေ့လာသိရှိနိုင်စေရန်၊

(ခ) လွတ်လပ်သော နိုင်ငံတကာကုန်သွယ်မှုနှင့် ငွေကြေးဆိုင်ရာပေါင်းစည်းမှုတို့ကို မြှင့်တင်ရန်၊

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည့်စကြံတစ်ခုကို ထူထောင်ရန်၊

(ဃ) နိုင်ငံများအကြား အသိပညာနှင့် အတွေ့အကြုံများကို အပြန်အလှန် နှီးနှောဖလှယ်ခြင်းတို့မှတစ်ဆင့် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်လာစေရန်။

**ခရီးစဉ်**

၃။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ မြန်မာစံတော်ချိန် ၂၁:၃၀ နာရီတွင် Air China လေကြောင်းလိုင်း၊ ခရီးစဉ်အမှတ် CA 906 ဖြင့် ထွက်ခွာခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၄:၀၅ အချိန်တွင် ရောက်ရှိခဲ့ပါသည်။

၄။ အပြန်ခရီးစဉ်အနေဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့ ဒေသစံတော်ချိန် ၁၂:၃၀ နာရီတွင် China Eastern လေကြောင်းလိုင်း၊ ခရီးစဉ်အမှတ် MU 5702 ဖြင့် ထွက်ခွာခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ၁၅:၄၅ အချိန်တွင် ရောက်ရှိခဲ့ပါသည်။ ထို့နောက် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ ဒေသစံတော်ချိန် ၁၃:၄၀ နာရီတွင် China Eastern လေကြောင်းလိုင်း၊ ခရီးစဉ်အမှတ် MU 9641 ဖြင့် ခရီးဆက်ခဲ့ပြီး ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ၁၄:၁၀ နာရီတွင် ရောက်ရှိခဲ့ပါသည်။

**ပါဝင်တက်ရောက်သူများ**

၅။ အဆိုပါ ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာမိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့်ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအပါအဝင် အာမေးနီးယား၊ လာအို၊ နီပေါ၊ ပါလက်စတိုင်း၊ တူနီးရှားနှင့် တန်ဇန်းနီးယားနိုင်ငံများမှ ကိုယ်စားလှယ် ၃၄ ဦး တက်ရောက်ခဲ့ပါသည်။

**တည်းခိုနေထိုင်မှု**

၆။ ဆွေးနွေးပွဲ တက်ရောက်လာသော မြန်မာကိုယ်စားလှယ်များအပါအဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၊ ချန်းပင်ရပ်ကွက်ရှိ Academy for International Business Officials (AIBO)၊ MOFCOM ၏ တည်းခိုရိပ်သာတွင် စီစဉ်ပေးပါသည်။

**အထောက်အပံ့စရိတ်ကျခံမှု**

၇။ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ကိုယ်စားလှယ်များအတွက် တည်းခိုနေထိုင်စရိတ်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) မှ ကျခံပါသည်။

**အခမ်းအနားဖွင့်ပွဲနှင့် ပြီးဆုံးခြင်း**

၈။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၊ ချန်းပင်ရပ်ကွက်ရှိ Academy for International Business Officials (AIBO)၊ MOFCOM ရှိ ဆွေးနွေးပွဲအဆောက်အဦ၊ ပထမထပ်၊ ဆွေးနွေးပွဲခန်းမတွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဆိုင်ရာသင်တန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Zhang Hailong၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်သန္တာဝင်းတို့က နှုတ်ခွန်းဆက်ကြိုဆိုစကားများ ပြောကြားပြီး ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့်ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲကို ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဆိုင်ရာသင်တန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. ZHENG Mingyuan နှင့် အာမေးနီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာသတ္တုလုပ်ငန်းအဖွဲ့မှ အမှုဆောင်ဥက္ကဋ္ဌ Mr. Artyom Geghamyan တို့က ဆွေးနွေးပွဲပြီးဆုံးကြောင်း ကျေးဇူးတင်နှုတ်ဆက်စကားများ ပြောကြားခဲ့ပြီး ဆွေးနွေးပွဲပြီးဆုံးကြောင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။

**ဆွေးနွေးပွဲ တက်ရောက်ခဲ့မှုအခြေအနေ**

၉။ အလုပ်ရုံဆွေးနွေးပွဲကာလမှာ ၁၄ ရက်ဖြစ်ပြီး ဆွေးနွေးပွဲကျင်းပသည့်ရက် ၇ ရက်၊ လေ့လာရေး ခရီးသွားရောက်သည့်ရက်မှာ ၄ ရက်၊ ပိတ်ရက် ၁ ရက်နှင့် ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပသည့်ရက် ၂ ရက်၊ စုစုပေါင်း ၁၄ ရက်ဖြစ်ပါသည်။

၁၀။ ဆွေးနွေးပွဲကာလအတွင်း ဘာသာရပ်ပို့ချသည့် အစီအစဉ်နှင့် လေ့လာရေးခရီးစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် An Overview of China's National Conditions ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယခင် သံအမတ်ကြီး Mr. Sun Jiwen က ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အကျဉ်းချုပ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူမျိုးစုပေါင်း ၅၆ မျိုးရှိပြီး ဟန်လူမျိုးစုသည် တရုတ်နိုင်ငံ လူဦးရေစုစုပေါင်း၏ ၉၂ % ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုအနေဖြင့် အဓိကဘာသာကြီး ၅ မျိုးရှိကြောင်း၊ ဗုဒ္ဓဘာသာသည် အေဒီ ၁ ရာစုကတည်းက အိန္ဒိယနိုင်ငံမှအစပြုလာခဲ့ပြီး ကိုးကွယ်သူပေါင်း သန်း ၄၀ ရှိကြောင်းလေ့လာမှတ်သားခဲ့ရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ ကြိုးစားအားထုတ်မှုများကို မှတ်သားခဲ့ရပြီး အတွေးအခေါ်ပညာရှင် ကွန်ဖြူးရှပ် (၅၅၁ ဘီစီ- ၄၇၉ ဘီစီ) ၏ ကျင့်ဝတ်နှင့် တန်ဖိုးအတွေးအခေါ် ၄ ခုမှာ "သက်ကြီးရွယ်အိုများကို လေးစားပြီး ငယ်ရွယ်သူများကို ချစ်ခင်လေးစားရန်၊ ဆရာ သမားများကို ရိုသေလေးစားရန်၊ ရိုးသားမှုနှင့် ယုံကြည်မှုရှိရန်၊ ကျိုးနွံမှုနှင့် ယဉ်ကျေး သိမ်မွေ့မှုရှိရန်" လမ်းညွှန်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်၊ ဘီစီ၇၇၀ မှ စတင်၍ တီထွင်မှုကြီး ၄ ခုမှာ ယမ်းမှုန့်၊ စက္ကူ၊ သံလိုက်၊ ပုံနှိပ်စာလုံးတို့ ဖြစ်ကြောင်း၊ ၁၈၄၀ ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့၏ မတရားသိမ်းပိုက်မှုကို ခံခဲ့ရခြင်း၊ တရုတ် ကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ်တွင် စတင်တည်ထောင်ခြင်း၊ ၁၉၄၉ ခုနှစ် တရုတ် ပြည်သူ့သမ္မတနိုင်ငံအဖြစ် ပေါ်ပေါက်လာခြင်း၊ ၁၉၇၈ ခုနှစ်မှ တရုတ်လူမျိုးများ၏ ဝိသေသလက္ခဏာများနှင့်အတူ ဆိုရှယ်လစ်စနစ်တည်ထောင်ခြင်းနှင့် စူးစမ်းရှာဖွေမှု များကို စတင်ခဲ့ကြောင်း သိရှိခဲ့ရပါသည်၊

(ခ) ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယခင်သံအမတ်ကြီး Mr. Sun Jiwen က တရုတ်နိုင်ငံ၏ စီးပွားရေးအနေဖြင့် ဘီစီ ၂၀၆ ဟန်မင်းဆက်လက်ထက်တွင် ကမ္ဘာ့ဂျီဒီပီ၏ ၂၆ % ရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၁၂၇၄၁ သန်းထိရှိခဲ့ကြောင်း လေ့လာ မှတ်သားခဲ့ရပါသည်။ ထို့အပြင် တရုတ်ကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ်တွင် တည်ထောင်

ခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ခေါင်းဆောင်ကြီး မော်စီတုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် တည်ထောင်ခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ်တွင် တရုတ်နိုင်ငံတွင် လူဦးရေ ၅၄၀ သန်း၊ ဂျီဒီပီ အမေရိကန်ဒေါ်လာ ၂၇ ရှိခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်မှစတင်၍ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမငါးနှစ် စီမံကိန်း (၁၉၅၃-၁၉၅၇) ကို ချမှတ်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတည်ဆောက်မှုအနေဖြင့် နိုင်ငံ၏ အခြေခံစက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ တရုတ်လူမျိုးများ အစားအသောက်ဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ အမျိုးသားလုံခြုံရေးကို အာမခံနိုင်စေရန် နိုင်ငံတော် ကာကွယ်ရေးကို တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာခဲ့ရပါသည်။ ၁၉၇၈ ခုနှစ် တိန့်ရှောင်ဖိန် လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒကို ကျင့်သုံးခဲ့သဖြင့် လျှင်မြန်သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ကြောင်း၊ ၁၉၇၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပျမ်းမျှဂျီဒီပီမှာ ၃၄၀ အမေရိကန်ဒေါ်လာသို့ မြင့်တင်လာခဲ့ကြောင်း၊ ဆိုရှယ်လစ်စီးပွားရေးဈေးကွက် တစ်ခုကိုတည်ထောင်ပြီး တံခါးဖွင့်စီးပွားရေးကို ဆောင်ရွက်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ခြင်း၊ ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ရှန့်ကျန့်မြို့တွင် အထူးစီးပွားရေးဇုန်များ စတင်တည်ထောင်ခြင်းနှင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ကျေးလက်ဒေသပြုပြင်ပြောင်းလဲရေး၊ မြို့ပြဒေသပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ လက်ရှိသမ္မတ ရှီကျင့်ဖျင် လက်ထက်တွင် တရုတ်နိုင်ငံကို ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း အစီအစဉ်များကိုအစွမ်းကုန်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် သန်း ၇၀၊ ၂၀၁၇ ခုနှစ်တွင် ၃၀.၄၆ သန်း နှင့် ၂၀၁၈ ခုနှစ်တွင် ၁၆.၆ သန်းတို့ကို ဆင်းရဲနွမ်းပါးမှုပပျောက်စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် ဗဟိုအစိုးရက ၂၀၁၆ ခုနှစ်တွင် ၆၆.၇ ဘီလီယံ၊ ၂၀၁၈ ခုနှစ်တွင် ၁၀၆ ဘီလီယံနှင့် ၂၀၁၉ ခုနှစ်တွင် ၁၂၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များကိုလည်း ၁၇၀.၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း၊ ဆင်းရဲသောမိသားစု ၈ သန်းကျော်အတွက်လည်း ၂၈၃.၃ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့ အစွမ်းကုန်ဆောင်ရွက်ခဲ့သောကြောင့် တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးမှုလုံးဝ ပပျောက်ရေး ရည်မှန်းချက်များကို ၂၀၂၀ ပြည့်နှစ်တွင် ပြည့်မီခဲ့ကြောင်း သိရှိခဲ့ရပါသည်။ တရုတ်နိုင်ငံ ဂျီဒီပီ၏ ၄ % ကို ပညာရေးတွင် ရင်းနှီးမြှုပ်နှံပြီးပညာရေးကို အားပေးခဲ့ကြောင်း၊ ဘွဲ့ရလူငယ်

များနှင့် နိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် နှစ်စဉ်အလုပ်အကိုင် ၁၂ သန်းနှင့်အထက် ဖန်တီးပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် WTO သို့ ဝင်ရောက်ခဲ့ကြောင်းနှင့် ထို့အပြင် တရုတ်နိုင်ငံသားများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဝေးပြေးလမ်းများ၊ အမြန်ရထားများ၊ ကားထုတ်လုပ်မှုများ၊ Robots ထုတ်လုပ်မှုများနှင့် အာကာသယာဉ်လွှတ်တင်မှုများနှင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမှတ်သားခဲ့ရပါသည်၊

(ဂ) ရပ်ဝန်းနှင့်ပိုးလမ်းမအစီအစဉ်ကို ၂၀၁၃ ခုနှစ်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်၏ အာရှအလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အလည်အပတ်ခရီးစဉ်အတွင်း စတင်ခဲ့ကြောင်းနှင့် ရည်မှန်းချက်မှာ ပိုးလမ်းမစီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကို အတူတကွ တည်ထောင်ရန် ဖြစ်ကြောင်း၊ နိုင်ငံအကြား ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ပိုးလမ်းမစီမံကိန်းကို စတင်ခဲ့ကြောင်း၊ အဆိုပါရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်တွင် အစိတ်အပိုင်း ၂ ခု ပါဝင်ပြီး အာရှနှင့် ဥရောပရှိ အစီအစဉ်တွင် ပါဝင်သည့် နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ဆက်သွယ်ရန်အတွက် ရထားလမ်းသစ်များ တည်ဆောက်ခြင်း၊ အာဖရိကနှင့် တောင်အမေရိကသို့ ရေကြောင်းလမ်းများစွာ တည်ဆောက်ခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမအစီအစဉ်၏ သဘောတရားများမှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန်၊ မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်၊ အနာဂတ်တွင် တာဝန်ရှိမှုများနှင့် အကျိုးအမြတ်များကို မျှဝေခံစားရန်၊ အပြန်အလှန်နိုင်ငံရေး ယုံကြည်မှုများ၊ နိုင်ငံအချင်းချင်းအကြား ယဉ်ကျေးမှုများ အပါအဝင်စီးပွားရေးဆက်နွှယ်မှုများ တည်ဆောက်ရန်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်တွင် နိုင်ငံပေါင်း ၁၅၀ ကျော်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၃၂ ခု ပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စာချုပ်စာတမ်း ၂၀၀ ကျော်ကို လက်မှတ်ရေးထိုးထားကြောင်း၊ Belt and Road စီမံကိန်းအကောင်အထည်ဖော်မှုကိုမြှင့်တင်နိုင်ရန်အတွက် အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အဖွဲ့ဝင် ၅၇ နိုင်ငံရှိပါကြောင်း၊ စုစုပေါင်းအရင်းအနှီးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၀၃ အထိ တိုးတက်လာခဲ့ပြီး အရင်းအနှီးမှာလည်း ၁၃ ဘီလီယံသို့ တိုးတက် လာခဲ့ကြောင်း၊ AIIB ဘဏ်အနေဖြင့် စီမံကိန်းပေါင်း ၈၇ ခုအတွက် အမေရိကန်ဒေါ်လာ ၁၉.၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း၊ ပိုးလမ်းမရန်ပုံငွေကို

၂၀၁၄ ခုနှစ် တွင် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံဖြင့် စတင်ထည့်ထောင်ခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် တွင် ပိုးလမ်းမရန်ပုံငွေမှ စီမံကိန်း ၇၅ ခု လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုမှာ အာရှအလယ်ပိုင်း၊ အနောက်အာရှ၊ တောင်အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာဖရိက၊ ဥရောပအလယ်ပိုင်းနှင့်အရှေ့ပိုင်း၊ အနောက်ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက နှင့် အခြားဒေသများပါဝင်ကြောင်း လေ့လာသိရှိခဲ့ရပါသည်၊

(ဃ) ဩဂုတ်လ ၁၆ ရက်နေ့ မနက်ပိုင်းတွင် “Chinese Leaders’ on Governance: New Ideas and New Strategies” ခေါင်းစဉ်ဖြင့် Ms. HE Wenping (Professor) က ရှင်းလင်းပြောကြားခဲ့ပါသည်။ အကျဉ်းချုပ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအား မျိုးဆက်အလိုက်ဦးဆောင်ခဲ့ကြသည့် ခေါင်းဆောင်များ၏ ခေတ်(၃)ခုမှာ ဥက္ကဋ္ဌကြီး မော်စီတုန်း (၁၈၉၃-၁၉၇၆)၊ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် (၁၉၀၄-၁၉၉၇) နှင့် လက်ရှိသမ္မတ ရှီကျင့်ဖျင်(၁၉၅၃-လက်ရှိ)တို့ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံအုပ်ချုပ်မှု အတွေးအမြင်များကို မျိုးဆက်အလိုက် ခေတ် ၃ ခေတ်တွင် လက်ဆင့်ကမ်းဆက်ခံ သယ်ဆောင်လာကြကြောင်း၊ မော်စီတုန်းလက်ထက်တွင် နိုင်ငံရေး နိုးကြားမှုကို အလေးပေးဆောင်ရွက်ခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်သူပြည်သားများ လွတ်မြောက်ရေးကို ဦးဆောင်နိုင်ခဲ့သည့်အပြင် လူဦးရေများပြားပြီး နယ်မြေကျယ်ဝန်းသည့် တိုင်းပြည်ကိုကောင်းစွာစုစည်းတည်ဆောက်နိုင်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ တိန့်ရှောင်ဖိန် လက်ထက်တွင် စီးပွားရေးနာလံထူမှုကို ဦးစားပေးဆောင်ရွက်ခြင်း၊ ယခင်စီးပွားရေးစနစ်ပုံစံကို စွန့်လွှတ်၍ တံခါးဖွင့် မူဝါဒနှင့်အတူ စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲ၍ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် ဆောင်ရွက်ခဲ့ကြောင်း လေလ့ာမှတ်သားခဲ့ရပါသည်။ လက်ရှိသမ္မတ ရှီကျင့်ဖျင် လက်ထက်တွင်မူ နိုင်ငံရေး၊ စီးပွားရေးနှင့် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများ စွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များအနေဖြင့် တိုင်းပြည်၏အခြေခံအဆောက်အအုံများ၊ စက်မှုလုပ်ငန်းများ၊ ဘဏ္ဍာရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ဂေဟစနစ်များ၊ လေ့ကျင့် သင်ကြားရေးများ၊ ပြန်လည်နေရာချထားရေးများနှင့် လူမှုဖူလုံရေးကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်၊

(င) ထို့ပြင် သမ္မတ ရှီကျင့်ဖျင်က ၂၀၁၃ ခုနှစ်မှစ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ဆောင်ရွက်ရာတွင် ထောက်ပံ့ရေးအစီအမံများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ၊ ဘဏ္ဍာရေးသုံးစွဲမှု၊ စစ်တမ်းကောက်ယူမှု၊ စီမံချက်အရ

စေလွှတ်မည့်ဝန်ထမ်းများနှင့် စီမံကိန်းရလဒ်များ ကောင်းမွန်သေချာမှုရှိစေရန် အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အတော်အသင့်ဖွံ့ဖြိုး တိုးတက်သော လူမှုအဖွဲ့အစည်းတစ်ရပ်ထူထောင်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး ယင်းနှစ်တွင် တိုင်းပြည်လူဦးရေ ၁.၄ သန်းသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရေး၊ ပြည်သူတစ်ဦးလျှင် GDP အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ရရှိရေး ဆောင်ရွက်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ၂၀၃၅ ခုနှစ်တွင် ခေတ်မီသော လူနေမှုဘဝ ရရှိရေး၊ ပြည်သူတစ်ဦးချင်းစီ၏ GDP သည် အမေရိကန်ဒေါ်လာ ၄၃.၆ ထရီလီယံအထိ ရရှိရေးနှင့် အလယ်အလတ်အဆင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တစ်နိုင်ငံဖြစ်လာစေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ သံတမန်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၀၃ ခုနှစ်မှစတင်၍ ငြိမ်းချမ်းရေးမူဝါဒ လမ်းစဉ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို လေးစားခြင်း၊ စီးပွားရေးပိတ်ဆို့ခြင်း သို့မဟုတ် ပြဿနာများကို ဖြေရှင်းရန် ဖိအားပေးခိုင်းစေခြင်း သို့မဟုတ် အစိုးရအုပ်ချုပ်မှုယန္တရားကို ပြောင်းလဲစေခြင်းများကိုဆန့်ကျင်၍ သံတမန်နည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းကိုသာအသုံးပြု၍ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်၊

(စ) ဆက်လက်၍ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဥရောပ-အာရှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ခဲ့ရာမှ ယခုအခါ အာဖရိကနှင့် ပူးပေါင်းဆောင်ရွက်မှုကိုပါ ထည့်သွင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် နိုင်ငံအားလုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် လမ်းပြမြေပုံပြဋ္ဌာန်းကာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနယ်ပယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် လွတ်လပ်သောကုန်သွယ်မှု၊ အကာအကွယ်ပေးရေးမူဝါဒများ၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်ကို အထောက်အကူပြုနိုင်မည့် ယန္တရားတစ်ခုဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်၊

(ဆ) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် “China International Trade Single Window” ခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. ZHOU Jinping က ရှင်းလင်းပြောကြားခဲ့ပါသည်။ အကျဉ်းချုပ်မှာ ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ထုတ်ပြန်ထားသည့် ကုန်သွယ်မှု

လွယ်ကူချောမွေ့စေရေး သတင်းအချက်အလက်စနစ် (TFA Database) အရ ကမ္ဘာပေါ်တွင် ပြတင်းတစ်ပေါက်စနစ် (Single Window – SW) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အမျိုးသားအဆင့် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ မူဘောင်ကို ၂၀၁၄-၂၀၁၆ ခုနှစ်များတွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဒေသဆိုင်ရာ ရှေ့ပြေးစီမံကိန်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဗဟိုအဆင့်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး စာရွက်စာတမ်းများနှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စနစ်များကို ၂၀၁၇-၂၀၂၀ ခုနှစ်များတွင် ကျင့်သုံးခဲ့ကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် စကြ်ိန်တစ်ခု ထူထောင် နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ကဏ္ဍများ၊ ကုန်သွယ်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်များကို ၂၀၁၈-၂၀၂၃ ခုနှစ်များတွင် ထူထောင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်မှစတင်၍ ယခုအချိန်အထိ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများနှင့် မြန်ဆန်ပြီး လုံခြုံစိတ်ချရမှုရှိသည့်ဆက်သွယ်မှုကို တည်ထောင်ထားရှိပြီး နိုင်ငံတကာ ကုန်သွယ်မှုအတွက် အရေးကြီးသည့်ဝန်ဆောင်မှုများ ပံ့ပိုးပေးလျက်ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ပြတင်းတစ်ပေါက်စနစ်တွင် ဝန်ကြီးဌာန ပေါင်း ၃၀ ကျော် က ဝန်ဆောင်မှုအရေးအတွက် ၈၈၉ ခုကျော်အတွက် အခြေခံ ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားပေါင်း ၂၄ မျိုး ကျော်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းစနစ်တွင် မှတ်ပုံတင်ထားသည့်သုံးစွဲသူပေါင်း ၆.၆ သန်းကျော် ရှိကြောင်း၊ အစိုးရဌာနများ အချင်းချင်း၊ ဝန်ကြီးဌာနအဆင့် အပြန်အလှန်သတင်း အချက်အလက်မျှဝေခြင်းနှင့် ဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ဝန်ကြီးဌာန ၁၇ ခုမှ ပို့ကုန်သွင်းကုန်ဆိုင်ရာစာရွက်စာတမ်းများ ၃၈ မျိုးကို တစ်နေရာ တည်းတွင် ဆောင်ရွက်နိုင်ခြင်းကြောင့် စာရွက်စာတမ်းအသုံးပြုမှုကို များစွာလျှော့ချနိုင်ခဲ့ခြင်း၊ ပိုမိုကောင်းမွန်သောလုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းစသည့် အကျိုးကျေးဇူး များကို ရရှိစေခဲ့ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ၂၀၁၉ Doing Business Report တွင် တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး အဆင့်မှာ ၃၂ နေရာတွင်ရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၉ သို့ ရောက်ရှိခဲ့ပါကြောင်း၊ ပြတင်းတစ်ပေါက်စနစ် ဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ဖြစ်ပေါ်တိုးတက်မှုများအနေဖြင့် အီလက်ထရောနစ် အချက်အလက်ဖလှယ်ခြင်း၊ ပုံမှန်ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့်ပတ်သက်သည့်

လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ၂၀၁၉ ခုနှစ်တွင် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို GACC မှ ဦးဆောင်ကျင်းပခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်၊

(ဇ) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် Great Wall သို့ သွားရောက် လည်ပတ်နိုင်ရန် စီစဉ်ပေးပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Great Wall သည် နိုင်ငံကို ရန်သူများရန်မှ ကာကွယ်ရန် တတိယရာစုနှစ်မှ တစ်ဆယ့်ခုနှစ်ရာစုနှစ် အထိ တရုတ်နိုင်ငံ၏ မြောက်ပိုင်းမှစတင်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စုစုပေါင်း ကီလိုမီတာ ၂၀,၀၀၀ ကျော်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ မဟာတံတိုင်းသည် နိုင်ငံရေး မဟာဗျူဟာကောင်းမွန်ခဲ့ပုံနှင့် နိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့များ၏ အားကောင်းခဲ့ပုံကို ပုံဖော်နေသော အမျိုးသားသင်္ကေတတစ်ခုဖြစ်နေကြောင်း လေ့လာရပါသည်။ ထို့နောက် နေ့လည်စာ သုံးဆောင်ပြီး Tiantongyuan Comodity Market သို့ ပို့ဆောင်ပေးခဲ့ရာ တည်းခိုရိပ်သာသို့(၁၇း၀၀) နာရီတွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။

(ဈ) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် The Summer Palace နှင့် Qianmen Street and Dashilan တို့သို့ သွားရောက်လေ့လာနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

(ည) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် “ Global Export Credit Insurance Industry and China’s Export Credit Insurance” ကို SINOSURE International Department မှ ဒုတိယအထွေထွေမန်နေဂျာဖြစ်သူ Mr. XIAO Chunyi ကရှင်းလင်းပြောကြားခဲ့ပါသည်။ အကျဉ်းချုပ်မှာ Export Credit Insurance (ECI) ဆိုသည်မှာ လုပ်ငန်းစုများမှ ရင်းနှီးထည့်ဝင်ထားသည့် ပို့ကုန်ရငွေများ၊ ဝန်ဆောင်မှုများ၊ နည်းပညာများနှင့် အရင်းအနှီးများအတွက် အာမခံ ကုမ္ပဏီများမှ အာမခံအကာအကွယ်ပေးမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းနှင့် နိုင်ငံရေးနှင့် စပ်လျဉ်း၍ ကြုံတွေ့နိုင်သောစစ်ပွဲများ၊ အဓိကရုဏ်းများ၊ ငွေကြေးဖလှယ်မှု ကန့်သတ်ချက်များစသည့် ဆုံးရှုံးနိုင်ခြေများ၊ ကုန်သွယ်စီးပွားရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့်ဝယ်သူ၏ဘက်မှ ဘဏ်ဒေဝါလီခံသွားခြင်း၊ ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းအား လက်ခံရန်ငြင်းဆိုခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ပေးသည့်ဘဏ်သည် ဒေဝါလီခံသွားရခြင်း၊ စီးပွားရေးလုပ်ငန်းအား ရပ်စဲခံရခြင်း သို့မဟုတ် လက်ခံရန်ငြင်းဆိုခြင်းစသည့် ဆုံးရှုံးနိုင်ခြေရှိမှုတို့အပေါ် အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ECI သည် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများကို ဖန်တီးပေးခြင်း၊ ကုန်သွယ်မှုနယ်ပယ်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ငွေပေးချေမှုစနစ်များ၊

လုပ်ငန်းများအတွက် ဈေးကွက်အသစ်ချဲ့ထွင်နိုင်စွမ်းများကို အထောက်အပံ့ကောင်းများဖြစ်စေကြောင်း၊ လုပ်ငန်းများ၏ ရပိုင်ခွင့်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ဖြစ်ထွန်းမှုတို့အပေါ် အကာအကွယ်ပြုပေးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ်လုံခြုံမှုနှင့် တည်ငြိမ်မှုရှိရေးအားလည်း မြှင့်တင်ဆောင်ရွက်ပေးပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအား ချေးငွေအဆင့်အတန်း (Credit Rating) တိုးတက်လာစေရန် ကူညီဆောင်ရွက် ပေးခြင်းဖြင့် ဘဏ်များမှ ချေးငွေအထောက်အပံ့ ရရှိမှုတို့ကို လွယ်ကူစေကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ECI အနေဖြင့် လုပ်ငန်းများအတွက် အဓိကဝန်ဆောင်မှုပေးသည့် ဝန်ဆောင်မှုအမျိုးအစားများမှာ Overseas Investment Insurance (OII) ဖြစ်ကြောင်းနှင့် OII သည် ပြည်ပတွင် ရင်းနှီးမြှုပ်နှံမည့်သူများနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများကို ငွေကြေးဆုံးရှုံးမှုများမှ အကာအကွယ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုပြုမည့် သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံရေးနှင့်စပ်လျဉ်း၍ ကြုံတွေ့နိုင်သော ဆုံးရှုံးနိုင်ခြေများ (သိမ်းဆည်းခံရခြင်း၊ စစ်ပွဲများ၊ အဓိကရုဏ်းများ၊ ငွေကြေးဖလှယ်မှု ကန့်သတ်ချက်များ) ကို အကာအကွယ်ပေးပါကြောင်း၊ OII ၏ အမျိုးအစား ၂ မှာ လုပ်ငန်းများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ပြည်ပကြွေးမြီ သို့မဟုတ် ချေးငွေများကို လုံခြုံစိတ်ချရမှုရှိစေရန် စီစဉ်ဆောင်ရွက် ပေးပါကြောင်း သိရှိရပါသည်။ ECI ၏ အခြားသော အဓိကကျသည့် ဝန်ဆောင်မှုအမျိုးအစားတစ်ခုမှာ ကာလလတ်နှင့် ကာလရှည် (Medium and Long-term MLT) ECI ဖြစ်ပါကြောင်းနှင့် MLT သည် ပို့ကုန်လုပ်ငန်းရှင်များ၏ ငွေကြေးပြန်လည် ကောက်ခံရရှိမှုများ၊ ငွေကြေး အငှားချသည့် ကုမ္ပဏီများ၏ ရရန်ရှိစာရင်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ရရန်ရှိသော ချေးငွေ၊ အရင်း၊ အတိုးများနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို အကာအကွယ်ပေးပါကြောင်းနှင့် အကာအကွယ်ပေးသည့် ကာလသက်တမ်းမှာ ၂ နှစ်မှ ၁၅ နှစ်အထိ ဖြစ်ပါကြောင်း၊ အဆိုပါသက်တမ်းဖြင့် ပမာဏကြီးမားသော၊ ကာလရှည်ဖြစ်သော၊ ငွေကြေးလိုအပ်ချက်ကြီးမားသော၊ နိုင်ငံခြားငွေဖလှယ်ကောက်ခံရာတွင် ဆုံးရှုံးနိုင်ခြေ မြင့်မားသောလုပ်ငန်းများနှင့် အဖွဲ့အစည်းများကို အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးပါကြောင်း၊ နည်းပညာမြင့်လုပ်ငန်းများ၊ တန်ဖိုးမြင့် လျှပ်စစ်ထုတ်ကုန်များ၊ ပမာဏကြီးမားသော ကိရိယာအစုံအလင်များ၊ ပြည်ပအင်ဂျင်နီယာကန်ထရိုက်လုပ်ငန်းများကိုလည်း ပစ်မှတ်ထား ဝန်ဆောင်မှုပေးကြောင်း သိရှိရပါသည်။ ECI သည် ၁၈ ရာစု နှောင်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ၁၉ ရာစုအလယ်၌ ဗြိတိန်နိုင်ငံတွင် အာမခံကုမ္ပဏီများသည် ပစ္စည်းအချို့အတွက် ECI ဝန်ဆောင်မှုများကို စတင်

ဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉ ရာစုနှောင်းပိုင်းတွင် ပုဂ္ဂလိကပိုင် အာမခံလုပ်ငန်းများကို ဥရောပတိုက်တစ်ဝှမ်းလုံး၌ ကျယ်ပြန့်စွာ ဖွင့်လှစ်တည်ထောင်ထားပါကြောင်း၊ ထိုမှတစ်ဆင့် Export Credit Agency (ECA) များ ဆင့်ကဲပေါ်ပေါက်လာပါကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး အထောက်အပံ့ကောင်းပေးနိုင်ရန်သာမက ပြည်ပတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်ရေးကိုပါ ရည်သန်၍ ECA များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ECA များသည် အာမခံလုပ်ငန်းနှင့် ချေးငွေဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိခဲ့ရပါသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမ တစ်လျှောက် နိုင်ငံများ၏ အခြေခံအဆောက်အဦများဖြစ်သည့် မီးရထားလမ်းများ၊ လေဆိပ်များနှင့် ဆိပ်ကမ်းစီမံကိန်းများကို အဓိကထားပံ့ပိုး ပေးခဲ့ပြီး ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၂.၄ ဘီလီယံရှိကြောင်းလေ့လာ မှတ်သားခဲ့ရပါသည်၊

(ဠ) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် “Serve the Economic Development Trade Facilitation Practices in China” ကို General Administration of Customs မှ First Level Commissioner ဖြစ်သူ Mr. WANG Donghong က ရှင်းလင်းပြောကြားခဲ့ပါသည်။ အကျဉ်းချုပ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနများသည်တူညီသည့် အုပ်ချုပ်မှုအဆင့်တွင်ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးဌာနတွင် အကောက်ခွန်အုပ်ချုပ်ရေး ဆိုင်ရာဌာနများ၊ စခန်းများ၊ တိုက်ရိုက်ကွပ်ကဲသည့် အဖွဲ့အစည်းများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပရုံးခွဲများစသည်ဖြင့် ဌာန ၂၃ ခုရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ဌာနအနေဖြင့် အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှု ၁,၀၀၀ ကျော်ကိုဆောင်ရွက်ပေးလျက် ရှိကြောင်း၊ စီရင်စုအလိုက် ညွှန်ကြားရေးမှူးချုပ် ၄၆ ဦးရှိပြီး ရှန်ကျန်းတွင် အကောက်ခွန်အရာရှိ ၉,၀၀၀ ကျော်၊ ရှန်ဟိုင်းတွင် အကောက်ခွန်အရာရှိ ၆,၀၀၀ ကျော်၊ ပေကျင်းမြို့တွင် အကောက်ခွန်အရာရှိ ၃,၀၀၀ ကျော်ကိုခန့်အပ်ထားကြောင်းနှင့် ဒေသအလိုက် ညွှန်ကြားရေးမှူး ၆၇၉ ဦး ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အကောက်ခွန်ဌာန၏ အဓိကလုပ်ငန်း တာဝန်များမှာ အကောက်ခွန်ကောက်ခံခြင်း၊ ဆိပ်ကမ်းစီမံအုပ်ချုပ်ခြင်း၊ ကုန်ပစ္စည်း ရှင်းလင်းမှုကို ထိန်းချုပ်ခြင်း၊ အကောက်ခွန်စာရင်းအင်းများ ပြုစုခြင်း၊ တရားမဝင် ကုန်သွယ်မှုကို တိုက်ဖျက်ခြင်း၊ ကုန်သွယ်မှုနှင့် Bonded Control ဆောင်ရွက်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် ထိန်းချုပ်ခြင်းတို့ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ တရုတ်ပြည်သူ့

သမ္မတနိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သို့ စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ နိုင်ငံပေါင်း ၃၀ နှင့် ကုန်သွယ်ရေး သဘောတူညီချက် ၂၀ ကို ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား Zero Tariff Agreement ကို လာမည့်နှစ်အတွင်း ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသ ၂၃ ခု ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ၂၀၂၂ ခုနှစ်တွင် တရားမဝင်ကုန်သွယ်မှုပေါင်း ၄၉၅၉ ခုရှိခဲ့ပြီး တရားမဝင်ကုန်သွယ်သူ ၆,၀၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် ကြိုတင် စစ်ဆေးမှုများ ပြုလုပ်ရသည့်အပြင် ကုန်ပစ္စည်းရောက်ရှိ လာချိန်တွင်လည်း ထပ်မံစစ်ဆေးကြောင်း၊ အချက်အလက်များမှန်ကန်ပြီး ဘေးအန္တရာယ်လုံခြုံ စိတ်ချရမှုရှိပါက ထောက်ခံချက်လက်မှတ်များ ထုတ်ပေးကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေဖြင့် ကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေးသဘောတူစာချုပ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ရည်ရွယ်ချက်များအနေဖြင့်အကျိုးသက်ရောက်မှုကောင်းမွန်ပြီးထိရောက်မှုရှိသော ထောက်ပံ့ပို့ဆောင်ရေး၊ အဆင့်မြင့်နည်းပညာသုံး အကောက်ခွန်လုပ်ငန်းများ၊ ဆိပ်ကမ်းများ၊ နယ်စပ်စခန်းများ ဖော်ဆောင်ရေး၊ ပြတင်းတစ်ပေါက်စနစ်၊ Single Stop Service စသည့် စီးပွားရေးဆိုင်ရာပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ရေးနှင့် စာရွက်စာတမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းရှင်းလင်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ နိုင်ငံအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (Authorized Economic Operator - AEO) လုပ်ငန်းပေါင်း ၅,၈၈၂ ခုရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အများဆုံးချုပ်ဆိုထားသည့်နိုင်ငံဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ပြတင်းတစ်ပေါက် စနစ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ပြတင်းတစ်ပေါက်စနစ်တွင် သုံးစွဲသူ ၂.၆ သန်းရှိပြီး အစိုးရအေဂျင်စီ ၂၃ ခုက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ နိုင်ငံပေါင်း ၁၆၂ နိုင်ငံနှင့် နိုင်ငံဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် သတင်းအချက်အလက် ဖလှယ်မှု ၈၉ ခု၊ အပြန်အလှန် အသိအမှတ်ပြုမှုဆိုင်ရာ ထိန်းချုပ်မှု ၄၀ နှင့် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ အကျိုးသက်ရောက်မှု ၇၁ ခုကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ကုန်တင်

ရထားဖြင့် ပို့ဆောင်ရေးတွင် အကောက်ခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များ အနေဖြင့် ကုန်တင်ရထားများကို ကြိုးမဲ့နည်းပညာ အသုံးပြုထားပြီး ID Code များ၊ သတင်းအချက်အလက် လုံခြုံရေးစနစ်များ ပါဝင်သည့် Smart Lock များဖြင့် ချိတ်ပိတ်ခြင်း၊ စမ်းသပ်စစ်ဆေးမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် အသိအမှတ်ပြုခြင်းနှင့် မြန်နှုန်းမြင့်သယ်ယူပို့ဆောင်ရေးဖြစ်စေရန် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခင်ကနိုင်ငံအတွင်းသို့ တင်သွင်းသည့်ကုန်ပစ္စည်းများကို အမျိုးအစား ခွဲခြားခြင်း/ တန်ဖိုးဖြတ်ခြင်း၊ စစ်ဆေးခြင်း၊ အခွန်ကောက်ခံခြင်း၊ ကုန်ပစ္စည်းထုတ်ပေးခြင်း၊ စာရင်းစစ်ဆေးခြင်းနည်းလမ်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် ကုန်ပစ္စည်းဝင်ရောက်မှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း/ တန်ဖိုးဖြတ်ခြင်း၊ အခွန်ကောက်ခံခြင်း၊ စာရင်းစစ်ဆေးခြင်း နည်းလမ်းကို ပြောင်းလဲဆောင်ရွက်ခဲ့သည့်အတွက် အချိန်နှင့် ကုန်ကျစရိတ်များစွာ သက်သာမှုရှိခဲ့ပါကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ နိုင်ငံအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ(Authorized Economic Operator) လုပ်ငန်းပေါင်း ၅,၈၈၂ခုရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် အများဆုံး ချုပ်ဆိုထားသည့်နိုင်ငံဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ AEO များ အထူးခံစားခွင့်ရှိသည့်အစီအမံများမှာ စာရွက်စာတမ်းစစ်ဆေးမှုနှုန်းနှင့် စမ်းသပ်စစ်ဆေးမှုနှုန်းနည်းခြင်း၊ တင်သွင်းကုန်များ ရုပ်ပိုင်းဆိုင်ရာစမ်းသပ် စစ်ဆေးမှုများကို အဓိကဦးစားပေးဆောင်ရွက်ခြင်း၊ အကောက်ခွန်ရှင်းလင်းရာတွင် အကောက်ခွန်ညှိနှိုင်းရေးအရာရှိများက ပြဿနာများကို ဝင်ရောက်ဖြေရှင်းရန် တာဝန်ယူခြင်းတို့ဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများအနေဖြင့် နှစ်စဉ်ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး အဆင့်များကို သီတင်းပတ် ၂ ပတ်ကြာ သင်တန်းပေးခြင်းနှင့် ရုံးဝန်ထမ်း အဆင့်များကို သီတင်းပတ် ၁ ပတ်ကြာ သင်တန်းပေးပါကြောင်း၊ ထို့ပြင် အွန်လိုင်း သင်တန်းများဖြင့်လည်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။ ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ကိုင်မှုအဆင့်သတ်မှတ်ချက်များ အရ ၂၀၁၈ ခုနှစ်တွင် အဆင့် ၉၇၊ ၂၀၁၉ ခုနှစ် အဆင့် ၆၅၊ ၂၀၂၀ ခုနှစ်တွင် အဆင့် ၃၁ ဖြင့် တိုးတက်လာခဲ့ပါကြောင်း လေ့လာမှတ်သား ခဲ့ရပါသည်၊

(၄) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့နံနက်ပိုင်းတွင် ပေကျင်း၏ ကုန်သွယ်မှုဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အလမ်းများ (Development and

Opportunities of Bejing's Trade in Services) ခေါင်းစဉ်ဖြင့် ပေကျင်း ဝန်ဆောင်မှုများဆိုင်ရာ ကုန်သွယ်မှုအသင်းမှ ကထိက Ms. Li Luxia မှ သင်ကြား ပို့ချပေးခဲ့ပါသည်။ အကျဉ်းချုပ်မှာ ၂၀၂၂ ခုနှစ် ပေကျင်း၏ ဒေသတွင်း အသားတင် ထုတ်လုပ်မှု (GDP) သည် ယွမ် ၄၁၆၁.၀၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၀.၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အတိအကျအားဖြင့် အခြေခံစက်မှု လုပ်ငန်း၏ တန်ဖိုးတိုးတက်မှုသည် ယွမ် ၁၁.၁၅ ဘီလီယံ ဖြစ်ပြီး ၁.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဆင့်ပွားစက်မှုလုပ်ငန်း၏ တန်ဖိုးမှာ ယွမ် ၆၆၀.၅၁ ဘီလီယံ ဖြစ်ပြီး ၁၁.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အဆင့်မြင့်စက်မှုလုပ်ငန်း၏ တန်ဖိုး ၃၄၈၉.၄၃ ဘီလီယံဖြစ်ပြီး ၃.၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်း ၃ ခု၏ ဖွဲ့စည်းပုံအချိုးသည် ၀.၃၊ ၁၅.၉ ၈၃.၈ ဖြစ်ကြောင်း၊ လူဦးရေဖြင့် တွက်ချက်ရာတွင် ပေကျင်း၏ တစ်ဦးချင်း (GDP) သည် ယွမ် ၁၉၀,၀၀၀ ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုတင်သွင်းမှုနှင့် ပို့ကုန်စုစုပေါင်း တန်ဖိုးသည် ယွမ် ၆ ထရီလီယံနီးပါးရှိပြီး၊ တစ်နှစ်ထက်တစ်နှစ် ၁၂.၉ ရာခိုင်နှုန်းမြင့်တက်လာကာ ကိုးနှစ် ဆက်တိုက် ကမ္ဘာ့ဒုတိယအဆင့်သို့ စံချိန်သစ် တင်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ပေကျင်း၏ ဝန်ဆောင်မှုသွင်းကုန်နှင့် ပို့ကုန် စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁၃၈.၅၁ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၃.၇ ရာခိုင်နှုန်း တိုးလာကာ နိုင်ငံ တစ်ဝှမ်း ထိပ်တန်း ၃ခုတွင် ရပ်တည်ခဲ့ပါကြောင်း၊ ဝန်ဆောင်မှုကဏ္ဍသည် အမှန် တကယ် အသုံးပြုမှုသည် USD ၁၄.၆၉ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၈.၀ ရာခိုင်နှုန်း မြင့်တက်လာကာ မြို့တော်၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ ၉၄.၄ ရာခိုင်နှုန်း ဝန်ဆောင်မှုကဏ္ဍတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ USD ၄.၂၇ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၆၃.၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပေကျင်း၏ ဝန်ဆောင်မှုတင်သွင်းမှုနှင့် ပို့ကုန်စုစုပေါင်း ယွမ် ၉၉၀.၆၉ ဘီလီယံရှိပြီး ပို့ကုန်ယွမ် ၄၃၂.၂၃ ဘီလီယံနှင့် သွင်းကုန် ယွမ် ၅၅၈.၄၆ ဘီလီယံအထိ ရှိကြောင်း သိရှိရပါသည်၊

(၃) ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများတိုးတက် လျက်ရှိကြောင်း၊ ဝန်ဆောင်မှုတင်သွင်းမှုနှင့် ပို့ကုန်စုစုပေါင်းမှာ ယွမ် ၃၁၃၅.၈၄ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၈.၅ ရာခိုင်နှုန်းတိုးကာ ပို့ကုန်ပမာဏ ယွမ် ၁၃၂၃.၂၂ ဘီလီယံ ၅.၇ ရာခိုင်နှုန်း ကျဆင်းကာ သွင်းကုန်ပမာဏ ယွမ် ၁၈၁၂.၆၂ ဘီလီယံတိုးကာ ၂၂.၁ ရာခိုင်နှုန်း ရှိကြောင်း၊ ဝန်ဆောင်မှုများတွင် ကုန်သွယ်မှုလိုငွေ ယွမ် ၄၈၉.၄ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၂.၃ ရာခိုင်နှုန်း မြင့်တက်လာကာ

ဝန်ဆောင်မှုသွင်းကုန် စုစုပေါင်း၏ ၄၃.၅ ရာခိုင်နှုန်း တစ်နှစ်ထက်တစ်နှစ် ၁.၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပေကျင်း၏ အသိပညာ အလေးပေးသော ဝန်ဆောင်မှုနှင့် ပို့ကုန်များ၏ စုစုပေါင်းတန်ဖိုးသည် ၆၁.၀၀ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းစုစုပေါင်း၏ ၅၀.၉ ရာခိုင်နှုန်း တစ်နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှထက် ၆.၄ ရာခိုင်နှုန်း ပိုများကြောင်း၊ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၃၅.၀၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံး စုစုပေါင်း၏ ၂၂.၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အာမခံဝန်ဆောင်မှုများ၊ ယဉ်ကျေးမှု၊ ဖျော်ဖြေရေး ဝန်ဆောင်မှုများနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုများအသီးသီး တင်ပို့မှုမှာ နိုင်ငံစုစုပေါင်း ၏ ၅၇.၄ ရာခိုင်နှုန်းနှင့် တစ်နိုင်ငံလုံးစုစုပေါင်း၏ ၄၄.၅ ရာခိုင်နှုန်းတို့ ဖြစ်ပါကြောင်း၊ ပေကျင်းဝန်ဆောင်မှုများ ကုန်သွယ်မှုတွင် စဉ်ဆက်မပြတ်ကြိုးပမ်းမှုများ လိုအပ်နေသည့်အချက်များမှာ ကမ္ဘာလုံးဆိုင်ရာဝန်ဆောင်မှု ကုန်သွယ်မှု အချက်အချာကျသော မြို့တော်၏ လက္ခဏာရပ်များကို စဉ်ဆက်မပြတ်မီးမောင်းထိုးပြရန်၊ စက်မှု-မြို့တော် ပေါင်းစည်းမှု၊ စက်မှုပေါင်းစည်းမှုနှင့် ဒေသဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုကို အရှိန်မြှင့်ရန်၊ ပလပ်ဖောင်းစီးပွားရေး၊ မျှဝေစီးပွားရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုတို့ကို အားကောင်းအောင်လုပ်ဆောင်ရန်၊ ကုန်သွယ်မှုအတွက်အထောက်အပံ့နှင့် အာမခံချက်တို့အပြင်စွန့်စားရရှိနိုင်သော တုံ့ပြန်မှုစနစ်ချဲ့ထွင်ရန်၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများနှင့် စံနှုန်းများ၏ ကုန်သွယ်မှုဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအဆင့်ကို မြှင့်တင်ရန်တို့ဖြစ်ကြောင်း လေ့လာသိရှိရပါသည်၊ ပေကျင်းမြို့၏ ကုန်သွယ်မှုဝန်ဆောင်မှုများအတွက် အရေးကြီးသော အခွင့်အလမ်းများအနေဖြင့် ထွန်းကားလာသော ဒစ်ဂျစ်တယ်စီးပွားရေးသည် ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုတွင်အားကောင်းသည့် အရှိန်အဟုန်များကိုဖြစ်စေကြောင်း၊ ထိရောက်ပြီး လက်လှမ်းမီနိုင်သောဝန်ဆောင်မှုများသည် ကုန်သွယ်မှုအတွက် ခိုင်မာသော ပံ့ပိုးကူညီမှုများဖြစ်ပြီး၊ စားသုံးမှု အကျိုးသက်ရောက်မှုကို အားကောင်းစေကြောင်း၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ ပေါင်းစည်းမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဖြစ်ကြောင်း လေ့လာ သိရှိခဲ့ရပါသည်၊

(ခ) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Leyard Group သို့ သွားရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ Leyard Group သည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး LED Display၊ LCD၊ All-in-one၊ LED Module စသည့် အမျိုးအစားများစွာကို ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြား

နည်းပညာနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် ထိပ်တန်းတွင်ရပ်တည်လျက် ရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ LED Display ထုတ်ကုန်များသည် ကမ္ဘာ့ ဈေးကွက်တွင် ငါးနှစ်ဆက်တိုက် နံပါတ် ၁ နေရာတွင် ရပ်တည်ခဲ့ပြီး ၎င်းတို့၏ ထုတ်ကုန် လိုင်းများ အားလုံး၊ စက်မှုလုပ်ငန်းအားလုံးနှင့် ဒေသအားလုံးသို့ လွှမ်းခြုံချဲ့ထွင်လျက် ရှိပါကြောင်း၊ နိုင်ငံရပ်ခြားတွင် အခြေစိုက်စခန်း ၃ ခုနှင့် နိုင်ငံတကာ ဈေးကွက်ရှာဖွေရေး စင်တာ ၇ ခုတို့နှင့်အတူ Leyard Display သည် ကမ္ဘာတစ်ဝှမ်းရှိ အဆင့်မြင့် Display ဈေးကွက်များကို ဆွဲဆောင်လျက်ရှိကြောင်း၊ ထိန်းချုပ်ခန်း အတွက် LCD Splicing Display ၏ အမေရိကန်ဈေးကွက်တွင် နံပါတ် ၁ အဆင့်တွင် ရှိပါကြောင်း၊ အမျိုးသားနည်းပညာဆန်းသစ်တီထွင်မှုသရုပ်ပြလုပ်ငန်း၊ တရုတ်ထိပ်တန်းအီလက်ထရောနစ် သတင်းအချက်အလက်လုပ်ငန်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် နည်းပညာ ပေါင်းစပ် သရုပ်ပြလုပ်ငန်းနှင့် ပေကျင်းထိပ်တန်း သတင်းအချက်အလက် စက်မှုလုပ်ငန်းတို့တွင်ဂုဏ်ထူးဆောင်ဆုများနှင့်ဆုများစွာ ရရှိခဲ့ပါကြောင်း၊ Leyard Group ၏ ထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှု ခွင့်ရရှိခဲ့ပါသည်၊

(ဏ) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် တရုတ်နိုင်ငံ၏ ပြည်ပစီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဇုန်များ _Development of China’s Overseas Economic and Trade Cooperation Zones (COETCZ) ခေါင်းစဉ်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဥရောပရေးရာဌာနမှ ယခင် စီးပွားရေးသံမှူးဖြစ်သူ Mr. HAN Bing က ရှင်းလင်းပြောကြားပါသည်။ အကျဉ်းချုပ်မှာ COETCZ ၏ သဘောတရားမှာ စီးပွားရေးဇုန်များသည် ဈေးကွက်က ကြီးစိုးပြီး ဖွံ့ဖြိုးခြင်းဖြစ်ကြောင်း၊ အစိုးရနှင့် ဈေးကွက်အင်အားစုများက ဇုန်များကို ပေါင်းစပ်ကာ အထူးစီးပွားရေးဇုန်အဖြစ် ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ကြောင်း၊ အားသာချက်များကို အခြေခံပြီး ဈေးကွက်ကိုချိန်ဆကာ ဇုန်များကို တည်ထောင်ကြခြင်း ဖြစ်ကြောင်း၊ ဈေးကွက်ကိုလွှမ်းမိုးထားပြီး အစိုးရသည်မက်ခရိုကဏ္ဍတွင် ပံ့ပိုးပေးကြောင်း၊ ဇုန်တည်ထောင်ရာတွင် ဗဟိုအစိုးရ၊ ဒေသဆိုင်ရာအစိုးရစသည်တို့ ပါဝင်ဆောင်ရွက်ကြကြောင်း၊ ဇုန်တည်ဆောက်ရေးတွင် အစိုးရကမြေယာထောက်ပံ့မှု၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ မူဝါဒများနှင့် မက်လုံးများနှင့် ဇုန် နယ်နိမိတ်ကို သတ်မှတ်ပေးခြင်းတို့ကို အစိုးရကဆောင်ရွက်ပေးကြောင်း၊ အထူး စီးပွားရေးဇုန်တွင် ပထဝီဝင် အရ ကန့်သတ်ထားသောနယ်မြေများ၊ ဘဏ္ဍာရေး စည်းမျဉ်းများမှတစ်ဆင့် စက်မှုလုပ်ငန်းများကို လွယ်ကူချောမွေ့စေရေးအတွက် အခြေခံအဆောက်အအုံများ ပံ့ပိုးပေးခြင်းနှင့် မက်လုံးပေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း လေ့လာသိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပြည်ပစီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဇုန်များသည် စက်မှုဇုန်များဖြစ်ပြီး ပြည့်စုံသောအခြေခံအဆောက်အအုံများ၊ စက်မှုလုပ်ငန်းများ၊ ကောင်းမွန်သောဝန်ဆောင်မှုများဖြင့် တရုတ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် တရုတ်နိုင်ငံပိုင်လုပ်ငန်းများက ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားတွင် ထူထောင်ထားပြီး တရုတ်နိုင်ငံမှ ကွပ်ကဲထိန်းချုပ် ထားကြောင်း၊ ဇုန်အတွင်းတွင် ဘဏ္ဍာရေး စည်းမျဉ်းဆိုင်ရာ အခြေခံအဆောက်အအုံ ပြည့်စုံမှု၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို လွယ်ကူချောမွေ့စေသည့် ပထဝီဝင်မြေအနေအထားများ ရှိခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ အတားအဆီးမဲ့ကုန်သွယ်နိုင်မှု၊ ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ ငွေကြေး ပေါင်းစည်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေကြေးကို RMB အသုံးပြုနိုင်မှု၊ လူမှုရေး တာဝန်ယူမှုရှိမှု၊ တိုင်ပင်ဆွေးနွေးမှု၊ ပံ့ပိုးမှုနှင့် မျှဝေခံစားခွင့်များရှိကြောင်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြည်ပစီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဇုန်များ ပိုမိုကောင်းမွန် လာစေရန်၊ စက်မှုလုပ်ငန်း၏ အခန်းကဏ္ဍကို MOFCOM မှ “ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန်ချက်များ” ကို ရေးဆွဲခဲ့ပါကြောင်း၊ လမ်းညွှန်ချက်တွင် COETCZ မှ သတင်းအချက်အလက်များစုဆောင်းခြင်း၊ လည်ပတ်စီမံခန့်ခွဲမှု၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲမှု၊ အရေးပေါ်တုံ့ပြန်မှုစသည့်ကဏ္ဍ(၄)ခုကို ဝန်ဆောင်မှု ပေးရမည်ဖြစ်ပါကြောင်း သိရှိရပါသည်၊

(တ) ၂၀၂၀ ပြည့်နှစ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (UNIDO) သည် စက်မှုဥယျာဉ်များ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် လိုအပ်ချက်များ၊ စက်မှုဥယျာဉ်များ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ စီးပွားရေးစွမ်းဆောင်ရည်၊ လူမှုရေးစွမ်းဆောင်ရည်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်စသည့်ကဏ္ဍ ၃ ခုမှ စက်မှုဥယျာဉ်များအတွက် အကြံပြုချက်များအား သိရှိခဲ့ရပါသည်။ ဇုန်များ တည်ထောင်ခြင်းသည် အဓိကစက်မှုလုပ်ငန်း စီမံကိန်းများစွာကို ပိုမိုကောင်းမွန်စေပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် အခြားနယ်ပယ်များ နက်ရှိုင်းစွာ ပေါင်းစည်းမှုကို မြှင့်တင်ပေးပြီး ဒေသတွင်းစက်မှုလက်မှုလုပ်ငန်းများကို အရှိန်မြှင့်တင်ကာ အလုပ်အကိုင်နှင့် အခွန်ငွေများ တိုးတက်များပြားလာစေပါသည်။ အချို့သောပူးပေါင်းဆောင်ရွက်မှုဇုန်များကြောင့် အိမ်ရှင်နိုင်ငံရှိစက်မှုအခြေစိုက်စခန်းများနှင့် လက်ကားဝယ်ယူရေးစင်တာများ ဖွံ့ဖြိုးလာပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး

ဝန်ကြီးဌာန၏ စာရင်းအရ ၂၀၂၁ ခုနှစ် နှစ်ကုန်တွင် COWTCZ နိုင်ငံပေါင်း ၄၆ နိုင်ငံ ရှိလာပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၀.၇ ဘီလီယံဖြင့် အိမ်ရှင်နိုင်ငံများသို့ အခွန်အခကြေးငွေ အမေရိကန်ဒေါ်လာ ၆.၆ ဘီလီယံ ပေးဆောင်ထားကြောင်း လေ့လာသိရှိရပါသည်၊

(ထ) ၂၀၁၁ ခုနှစ် ဇွန်လတွင် ဝန်ကြီးချုပ် Wen Jiabao နှင့် Premier Orban တို့သည် Hungary China-Europe Trade နှင့် Logistics Cooperation Zone ပရောဂျက်တည်ဆောက်ရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဇုန်ဧရိယာ ၀.၇၅ ကီလိုမီတာအတွက် စုစုပေါင်းရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၂၆၄ သန်းဖြင့် စတင်တည်ဆောက်ခဲ့ပါကြောင်း၊ ၂၀၂၁ နှစ်ကုန်တွင် ပြီးစီးခဲ့သော China Commodity Exchange and Exhibition Center၊ Chebel Port Logistics Zone နှင့် Bermerhaven Logistics Zone တို့၏ ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် အဓိကပလက်ဖောင်းနှစ်ခုကို ထူထောင်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် အီဂျစ်နိုင်ငံ Suez ပင်လယ်ကွေ့ အနောက်မြောက်ပိုင်းရှိ စီးပွားရေးဇုန်တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် (China-Egypt TECG Suez Economic and Trade Cooperation Zone-TEDA Zone) ကို MOFCOM မှ ဇုန်တည်ဆောက်သူနှင့် အော်ပရေတာအဖြစ် မှတ်ပုံတင်ခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင် TEDA Egypt နှင့် China-Africa TEDA တို့သည် ပူးပေါင်းဆောင်ရွက်မှုဇုန်၏ ရင်းနှီးမြှုပ်နှံမှုနှင့် လည်ပတ်မှုကို ဦးဆောင်ရန် တည်ထောင်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်ကုန်တွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ သန်း ၁၃၀ ရှိပါကြောင်း လေ့လာသိရှိခဲ့ပါသည်၊

(ဒ) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့နံနက်ပိုင်းတွင် Financing Global South Infrastructure along with BRI & GDI Cases and Governance ခေါင်းစဉ်ဖြင့် Dr. Li Fusheng က ရှင်းလင်းဆွေးနွေးပါသည်။ အကျဉ်းချုပ်မှာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အစီအစဉ်များတွင် ကာဇက်စတန်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၂၀၁၃ ခုနှစ်တွင် စတင်ပါဝင်ခဲ့ပြီး၊ အီတလီနိုင်ငံသည်လည်း အနောက်နိုင်ငံများအနက် ပထမဦးဆုံး ပူးပေါင်းပါဝင်သူအဖြစ် ၂၀၁၃ ခုနှစ်တွင် ပါဝင်လာခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ပူးပေါင်းပါဝင်လာနိုင်မည့် အစီအစဉ်များကို ထားရှိပြီးဖြစ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အောင်မြင်မှုရလဒ် အနေဖြင့်

၁၁ နှစ်တာကာလအတွင်းတွင် နိုင်ငံပေါင်း ၁၅၀ ကျော်အထိ ပါဝင်လာပြီ ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အဦများ ပြည့်စုံရန်မှာ လွယ်ကူသည့်အရာ မဟုတ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအား မြှင့်တင်ဆောင်ရွက် သူအနေဖြင့် လည်းကောင်း၊ အရေးပါသောအဖွဲ့ဝင်အနေဖြင့်လည်းကောင်း ရပ်တည်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အဦများ အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖြည့်ဆည်းဆောင် ရွက်ပေးလျက် ရှိပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အဦစင်တာ၏ ထုတ်ပြန်ချက်အရ ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အဦများအတွက် ရင်းနှီးမြှုပ်နှံရန် လိုအပ်ချက် ပမာဏသည် ၂၀၁၆ ခုနှစ်မှ ၂၀၄၀ ပြည့်နှစ် အထိကာလအတွက် အမေရိကန်ဒေါ်လာ ၉၄ ထရီလီယံအထိ တိုးပွားလာဖွယ်ရှိပါကြောင်း၊ အဆိုပါ ပမာဏတွင် အာရှဒေသသည်အမြင့်ဆုံးအနေဖြင့် ၅၄ ရာခိုင်နှုန်းအထိ ရှိနေပါကြောင်း၊ အဆိုအမိန့်များအရ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ၎င်းတို့ GDP ၏ ၆ ရာခိုင်နှုန်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်၊

(ခ) တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အဦများ တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးအားဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိကာလတွင် ၎င်းတို့၏ စုစုပေါင်း ပို့ကုန်၊ သွင်းကုန်ပမာဏသည် အမေရိကန် ဒေါ်လာ ၆.၄၆ ထရီလီယံမှ ၁၉.၁ ထရီလီယံအထိ တိုးတက်ခဲ့ပြီး၊ ပျမ်းမျှနှစ်စဉ် ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ထို့အပြင် ဝင်ငွေနည်းပါးသည့်နိုင်ငံများနှင့် အလယ် အလတ်အဆင့် ဝင်ငွေရှိသည့်နိုင်ငံများအတွက် လိုအပ်သောအခြေခံ အဆောက်အဦ လုပ်ငန်းများ (ဥပမာ - မီးရထားလမ်းများ၊ တံတားများ၊ ဓါတ်အားပေးစက်ရုံများ၊ မဟာဓါတ် အားလိုင်းများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများ စသည်) တည်ဆောက်ရေး အတွက်လည်း ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ ကာလတွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတလျောက် နိုင်ငံပေါင်း ၂၄ နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ၇၉ ခုတွင် အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံအား ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၄၆,၀၀၀ အားလည်း ဖန်တီး ပေးနိုင်ခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ

စီမံကိန်း၏ ဒုတိယဆယ်စုနှစ်တွင် အရည်အသွေးမြင့်မားသော ခြေလှမ်းအသစ်များ စတင်နိုင်ရေးအတွက် လူနေမှုဘဝမြင့်မားရေး၊ ပတ်ဝန်းကျင်ဒေသများနှင့် ရင်းနှီး ဆက်ဆံနိုင်ရေးနှင့် လူမှုရေးကဏ္ဍများတွင်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်လုပ် ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများ တွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ 5G အင်တာနက် ရရှိရေး၊ စွမ်းအင်သန့်စင်ရေး၊ ဒီဂျစ်တယ်စီးပွားရေး၊ ဆေးဝါးများနှင့် ကာကွယ်ဆေးများ၊ ဆေးရုံများနှင့် ကပ်ရောဂါ ကာကွယ်ရေးစနစ်စသည်တို့ ပါဝင်ပါကြောင်း လေ့လာသိရှိ ခဲ့ရပါသည်၊

(န) လေ့လာရေးခရီးစဉ်အနေဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် Air China လေကြောင်းခရီးစဉ်အမှတ် CA1649 ဖြင့် ချန်ချွမ်းမြို့သို့ ဒေသစံတော်ချိန် (၁၄:၂၀) နာရီအချိန်တွင် ရောက်ရှိခဲ့ပါသည်၊

(ပ) ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ချန်ချွမ်းမြို့ရှိ DIRUI Industrial Co., Ltd သို့ သွားရောက်လေ့လာခဲ့ပါသည်။ အဆိုပါကုမ္ပဏီကို ၁၉၉၂ ခုနှစ်က စတင် တည်ထောင် ခဲ့ပြီး အရည်အသွေးမြင့် ကျန်းမာရေးသုံးပစ္စည်းများကို ထုတ်လုပ်ရောင်းချခြင်းနှင့် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ DIRUI ကုမ္ပဏီသည် ကျန်းမာရေးနှင့်စပ်လျဉ်းသည့် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းများကို တရုတ်နိုင်ငံတွင်းသာမက ကမ္ဘာတစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ကုမ္ပဏီ ဖြစ်ကြောင်း၊ DIRUI ကုမ္ပဏီသည် အလိုအလျောက် ဇီဝဓါတုဓာတ်ခွဲသည့် စက်ကို စတင်ထုတ်လုပ်နိုင်ခဲ့သည့် ပထမဆုံးသော တရုတ်နိုင်ငံ၏ ထုတ်လုပ်သူ ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ နီပေါနိုင်ငံ တို့အပါအဝင် နိုင်ငံပေါင်း ၁၂၀ သို့ ဖြန့်ဖြူး ရောင်းချလျက်ရှိပါကြောင်း၊ ကုမ္ပဏီမှ ထုတ်လုပ်သောစက်ပစ္စည်းများမှာ အလိုအလျောက်သွေးဓာတ်ခွဲခြင်း၊ ဆီးဓာတ်ခွဲခြင်း၊ ဓာတုဗေဒဓာတ်ခွဲခြင်း၊ သွေးဗေဒဓာတ်ခွဲခြင်း၊ ကိုယ်ခံစွမ်းအားဓာတ်ခွဲခြင်း၊ သားအိမ်ပိုးဝင်ခြင်းဓာတ်ခွဲခြင်း၊ ကင်ဆာရောဂါ စမ်းသပ်ရှာဖွေခြင်း၊ သိုင်းရွိုက်နှင့် အသည်းရောင်အသားဝါဘီပိုးရှာဖွေခြင်းစသည့် စက်ပစ္စည်းကိရိယာများကို ထုတ်လုပ် ပါကြောင်း၊ ကုမ္ပဏီတွင်ဝန်ထမ်းပေါင်း ၂၀၀၀ ကျော်ရှိပြီး ၂၀ ရာခိုင်နှုန်းကျော်မှာ စွမ်းရည်မြင့်သော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအင်ဂျင်နီယာများဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ ဆေးရုံများသို့ တိုက်ရိုက်ရောင်းချခြင်းမျိုး မဟုတ်ဘဲ မြန်မာနိုင်ငံ၏ ဖြန့်ဖြူးရောင်းချသူ (Distributor) မှတစ်ဆင့် တင်သွင်းရောင်းချခြင်းဖြစ်ပါကြောင်း၊ စက်ပစ္စည်းများကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်စေရန်အတွက်လည်း သင်တန်း

များ ပို့ချပေးပါကြောင်း၊ စက်ပစ္စည်းများကို အာမခံ ၁၈ လ ပေးပါကြောင်းစသည်ဖြင့် လေ့လာ သိရှိခဲ့ရပါသည်၊

(ဗ) အဆိုပါနေ့၏ မွန်းလွဲပိုင်းတွင် SOCOL Corporation Limited သို့ သွားရောက် လေ့လာခဲ့ရပါသည်။ ကုမ္ပဏီ၏ ဒုတိယအထွေထွေမန်နေဂျာဖြစ်သူ Mr. Liu Lichao က SOCOL Corporation Limited နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပါသည်။ အကျဉ်းချုပ်မှာ SOCOL Corporation Limited သည် PowerChina အမည်ဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည် စွမ်းအင်သုံး၊ လေစွမ်းအင် လျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သတ္တုတူးဖော်ခြင်း လုပ်ငန်း၊ လမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံလုပ်ငန်း၊ အင်ဂျင်နီယာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း၊ SOCOL Corporation Limited ကို ၁၉၅၈ ခုနှစ် ကစတင်တည်ထောင်ခဲ့ပြီး နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကျော်ကို PowerChina မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လက်ရှိတွင် အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိက၊ အမေရိကား၊ အာဖရိက၊ အာရှပစိဖိတ်တို့တွင် နိုင်ငံပေါင်း ၁၃၉ နိုင်ငံနှင့် လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင် ရွက်မှုများကိုလုပ်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့် ဆုတံဆိပ်များစွာ လည်း ရရှိထားသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာ၊ လာအို၊ နီပေါ၊ ကွန်ဂိုစသည့် နိုင်ငံများတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဇမ်ဘီယာနိုင်ငံတွင် ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ Power China အနေဖြင့် နိုင်ငံ ၁၃ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၂၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၇၂၁ ဘီလီယံရှိ ပါကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမတွင် ပါဝင်သောနိုင်ငံများဖြစ်သည့် လာအို၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ လေအားလျှပ်စစ် စီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်စီမံကိန်းများ၊ ရထားလမ်းနှင့် အဝေးပြေးစီမံကိန်းများ၊ အဆောက်အဦတည်ဆောက်ခြင်း စီမံကိန်းများ၊ ဓာတ်သတ္တုရှာဖွေခြင်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိ ခဲ့ရပါသည်၊

(ဗ) အပြန်ခရီးစဉ်အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် Air China လေကြောင်းခရီးစဉ်အမှတ် CA1650 ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် (၂၀:၁၀) နာရီတွင် ပေကျင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ကို အားလပ်ရက်အဖြစ်သတ်မှတ်ပေးပါသည်။

**အကျိုးကျေးဇူးများ**

၁၁။ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခေါင်းဆောင်အသီးသီး၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ၊ အယူအဆများနှင့် ဗျူဟာအသီးသီးတို့ကို လေ့လာသိရှိခဲ့ရခြင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း စတင်ပေါ်ပေါက်လာခြင်းနှင့် စီမံကိန်း၏ လုပ်ထုံးလုပ်နည်းများ၊ ရည်ရွယ်ချက်များနှင့် မူဝါဒများကို ပိုမိုနားလည်သဘောပေါက်ခြင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ မူဘောင်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအပြင် ယင်းစီမံကိန်းများနှင့်ဆက်စပ်နေသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို သိရှိခြင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် ကောင်းမွန်သည့် အလေ့အကျင့်များကို သိရှိခြင်း၊ တက်ရောက်လာသည့်နိုင်ငံများ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ အသိပညာများ မျှဝေခွင့်ရရှိခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ပြုပြင်ပြောင်းလဲရေးမူဝါဒနှင့် နိုင်ငံတကာတွင် တရုတ်နိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍများ၊ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍတွင် High Technology အသုံးပြု၍ စက်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာခွင့်ရရှိခြင်း၊ တရုတ်နိုင်ငံရှိ ကျန်းမာရေးဆိုင်ရာကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ရုပ်မြင်သံကြားအဆင့်မြင့် နည်းပညာပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးသည့်ကုမ္ပဏီများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက်ဖိတ်ခေါ်ခွင့်ရရှိခြင်း၊ တရုတ်နိုင်ငံ၏ ပကတိဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင်ကိုယ်တိုင် လေ့လာသိရှိရခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

**သုံးသပ်ချက်**

၁၂။ "ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲ" သို့ တက်ရောက်ခြင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းကြီး အကောင်အထည်ဖော်ပြီးစီးရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်း

ပါဝင်ဆောင်ရွက်စေလိုကြောင်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံကို အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း သုံးသပ်ရပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော လာအိုနိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော တရုတ်-လာအို ရထားလမ်းသစ်ကြီးကို ဖောက်လုပ်ကာစတင်ပြေးဆွဲနေပြီဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်စေခြင်း၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှု မြန်ဆန်စေပြီး သယ်ယူပို့ဆောင်စရိတ် သက်သာစေခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးစီးဆင်းမှု တိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည့်အတွက် မြန်မာနိုင်ငံကိုလည်း လာအိုနိုင်ငံကဲ့သို့ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း သုံးသပ်ရပါသည်။

၁၃။ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ တည်ဆောက်ခြင်းကို ပိုးလမ်းမရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှုများစွာ ရရှိလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဤဆွေးနွေးပွဲလေ့လာရေးမှ စီမံကိန်းအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံထားရှိမှု၊ အရင်းအနှီးအတွက် ဘဏ်ချေးငွေရယူမှု၊ ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် ပြတင်းတစ်ပေါက်စနစ်ဆောင်ရွက်ထားရှိမှု၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာများရရှိခဲ့သည့်အပြင် အနာဂတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အကျိုးကျေးဇူးရှိစေသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၄။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ ၂၇ ရက်နေ့ထိ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် "ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲ (Seminar on Trade and Financial Connectivity for BRI Partner Countries)" သို့ တက်ရောက်ခြင်းမှ လေ့လာခဲ့သော ပညာရပ်များ၊ ဗဟုသုတနှင့် အတွေ့အကြုံများအား ဌာနတွင် ပြန်လည်အသုံးချခြင်း၊ ဌာနမှ လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်မျှဝေခြင်း၊ ထိုမှတစ်ဆင့် ၎င်းတို့နှင့် လက်တွဲ၍ ဌာနအတွက် အကြံဉာဏ်သစ်များ၊ အတွေးအမြင်သစ်များ ထုတ်ဖော်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် အဆိုပါသင်တန်းသည် ဌာနနှင့် နိုင်ငံအတွက် အကျိုးရှိစေမည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၅။ ထို့အပြင် မိမိသင်ယူလေ့လာခဲ့သော ပညာရပ်များကို ဌာနတွင် တာဝန်ထမ်းဆောင်ရာ၌ လက်တွေ့ပြန်လည်အသုံးချသွားမည်ဖြစ်ပြီး လုပ်ငန်းခွင်တွင်လည်း ပြန်လည်မျှဝေဆောင်ရွက်သွားခြင်းဖြင့်ဌာနနှင့်နိုင်ငံကို ပြန်လည်အကျိုးပြုသွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် တတ်စွမ်းသရွေ့ပါဝင် အထောက်အကူပြု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(သဥ္ဇာလှိုင်)
ဦးစီးအရာရှိ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(လင်းစန္ဒာကျော်)
လက်ထောက်ညွှန်ကြားရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားခြင်း




ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ မိတ်ဖက်နိုင်ငံများအတွက် ကုန်သွယ်မှုနှင့်
ငွေကြေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ Leyard Group သို့ သွားရောက်လေ့လာခြင်း




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ချွင်းမြို့ရှိ DIRUI Industrial Co., Ltd သို့ သွားရောက်လေ့လာခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ချွင်းမြို့ရှိ SOCOL Corporation Limited သို့ သွားရောက်လေ့လာခြင်း




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ Great Wall သို့သွားရောက်လေ့လာခြင်း



**AIBO မှ ဒုတိယညွှန်ကြားရေးမှူး Mr. ZHENG Mingyuan က ဆွေးနွေးပွဲပြီးဆုံးကြောင်း ကျေးဇူးတင်နှုတ်ဆက်စကားများပြောကြားခြင်း**




ဆွေးနွေးပွဲပြီးဆုံးကြောင်းလက်မှတ်များ လက်ခံရယူခြင်း

